မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 10 , 2025 Volume 87, Number 6


၁၀.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၆.၅၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၃၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၂.၅၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၆.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံများ ဈေးကျဆင်းမှုရပ်သွားပြီး အရောင်းအဝယ်ပြန်ကောင်းလာ



ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံဈေးကျဆင်းမှုရပ်သွားပြီး ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ယခင်ရက်များက ပို့ကုန်ပဲဈေးများကျဆင်းမှုရပ်တန့်သွားပြီးအတက်ဈေးတန်းကို ပြန်ဖြစ်လာကြောင်း လက်ရှိမှာဈေးကျဆင်းမှုများကြောင့် တောင်သူကလည်း စောင့်ရောင်း ၊ လှောင်လက်သမားကလည်း စောင့်ဝယ်နေသည့်အခြေအနေဖြစ်ကြောင်း ပဲကုန်သည်များကသုံးသပ်ထားသည်။

ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံဈေးကျဆင်းမှုများကြောင့်အရောင်းအဝယ်အေးသွားပြီး ဖေဖော်ဝါရီ ၆ ရက် နံနက်ဈေးကွက်အဖွင့်မှာတော့ ဈေးကျဆင်းမှုရပ်တန့်သွားပြီး ဈေးအနည်းငယ်ပြန်တတ်လာကြောင်း၊ စားသုံးဆီဈေးကွက်အတွင်း စားအုန်းဆီများပြားနေသောကြောင့် မြေပဲဆန်များ ဝယ်ယူကြိတ်ခွဲနိုင်မှုနည်းပါးကြောင်း မြေပဲလုံးဆန်များ အနည်းငယ်ဈေးကျဆင်းနေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

“ မတ်ပဲ၊ ပဲစင်းငုံ FOB ဈေးတစ်တန်အမေရိကန်ဒေါ်လာ ၇၁၅-၇၂၀ နဲ့ အရောင်းအဝယ်ပြန်ဖြစ်ပါတယ်။ FOB ပေါက်ဈေးအရ မန္တလေးပဲဈေးကွက်မှာ ဈေးကျဆင်းမှုရပ်ပြီး အရောင်းအဝယ်ပြန်သွက်လာပါတယ်။ သုံးတင်းတစ်အိတ်ကို ငွေကျပ် ၂၇၇,၀၀၀ ဈေးပတ်လည်ကနေ မကျဆင်းနိုင်တော့ဘူးလို့ ခန့်မှန်းပါတယ်။ မတ်ပဲလည်း ပုံမှန်ဈေးပြန်ဖြစ်လာမှာပါ။ လက်ရှိဈေးကတောင်သူအရင်းဈေးနားကပ်နေတော့တောင်သူမကိုက်ဖြစ်နေပါတယ် အိန္ဒိယကဝယ်လိုအား ရှိပေမဲ့ ထိန်းဝယ်နေတာမျိုးဖြစ်နေပါတယ်” ဟု ၎င်းက ပြောသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ပစ္စည်းအဝင်နည်းသွားပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း အက်ဆစ်လွတ်နှမ်းများမှာထိပ်စဈေးကောင်းရရှိနေကြောင်း ဈေးနှုန်းအတက်အကျနည်းကြောင်း နှမ်းကုန်သည်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင်ငွေကျပ် ၂၇၇,၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

အသစ်ဝင်ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၅,၀၀၀၊ ပဲကြီးတစ် အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေ ကျပ် ၃၈၀,၀၀၀၊ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀– ၉၇၅၀ ပေါက် ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာဈေးကွက်မှာဖေဖော်ဝါရီ ၆ ရက်တွင် နှမ်းနက်(စမုန်)အက်ဆစ်လွတ်ထိပ်စ တစ်အိတ်လျှင် ငွေကျပ် ၇၁၀,၀၀၀–၇၁၅,၀၀၀၊ အက်ဆစ်မလွတ် ၆၈၅,၀၀၀–၆၉၀,၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးကွက်အတွင်း နှမ်းမျိုးစုံဝင်ရောက်မှုနည်းပါးသွားကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ MSME ထုတ်ကုန်များပါဝင်ယှဉ်ပြိုင်လျက်ရှိ



MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များပေါ်ပေါက်လာစေရေးရည်ရွယ်၍ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကြီးတွင် ဆုရွေးချယ်ရေးနှင့်ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီးဦးမြင့်စိုးက ဦးဆောင်ပြီးပြိုင်ပွဲကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ရုံးအမှတ် ၁၆ ၌ ဖေဖော်ဝါရီလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား (Micro) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၉ ဦး၊ အငယ်စား(Small) ထုတ်ကုန်ဆုအတွက်ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၄ ဦး၊ အလတ်စား(Medium) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၈ ဦး၊ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၃၅ ဦး၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုအတွက် သမဝါယမအသင်း ၂၅ သင်း၊ အသေးစား စက်မှုလက်မှုထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၄၂ ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့်လုပ်ငန်းရှင်များကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပသည့် တပေါင်းကွင်း၌ ဆုချီးမြှင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ကန့်ဘလူခရိုင်၏ မြေပဲလုံးဆန်နှင့်မြေပဲအတောင့် ဈေးနှုန်းအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြကြောင်း သိရသည်။

မြေပဲလုံးဆန်နှင့် မြေပဲအတောင့်များကို မြေပဲစိုက်ပျိုးရာ၌လည်းကောင်း ၊ ဆီစက်လုပ်ငန်းရှင်အချို့မှ မြေပဲဆီကြိတ်ကာ ကုန်ချောထုတ်လုပ်၍ ပြန်လည်ရောင်းချကြောင်း၊ မြေပဲလုံးဆန်ကို မြေပဲယိုပြုလုပ်ခြင်း၊အစားအသောက်များနှင့်တွဲဖက်စားသုံးခြင်းတို့ ပြုလုပ်ကြကြောင်း၊ ကန့်ဘလူခရိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးဆန်များသည် ဒေသတွင်းမှလည်း ထွက်ရှိကြောင်း၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့ များမှလည်း ပြန်လည်ဝင်ရောက်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း မြေပဲအတောင့် ၁ တင်းလျှင် ငွေကျပ် ၃၅,၀၀၀နှင့် မြေပဲလုံးဆန် ၁တင်းလျှင် ငွေကျပ်၁၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလပထမပတ်အတွင်း မြေပဲအတောင့် ၁ တင်းလျှင်၃၇,၀၀၀ကျပ်နှင့် မြေပဲလုံးဆန် ၁ တင်းလျှင် ၁၂၉,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသောကြောင့် မြေပဲအတောင့် ၁ တင်းလျှင် ၂၀၀၀ ကျပ်နှင့် မြေပဲလုံးဆန်ဈေးမှာ ၄၀၀၀ ကျပ် ပြန်လည်မြင့် တက်လာကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၇၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၇၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငှက်ပျောသီးအစုံအဖီးရေ ၅၂၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငှက်ပျောသီးအစုံအဖီးရေ ၇၆၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ရွှေငှက်ပျောစသည့် ငှက်ပျောသီးအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငှက်ပျောသီးအစုံရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငှက်ပျောတင်ပို့အားကောင်းလာတော့ ငှက်ပျောစိုက်သူတွေအဆင်ပြေတာတွေ့ရပါတယ်။ လက်ရှိပွဲရုံတွေဆီအဝင်နည်းနေပါတယ်။ ဒေသမှာ ငှက်ပျောစိုက်သူလျော့နည်းလာလို့ ဖြစ်ပါတယ်။ လက်ရှိငှက်ပျောသီးပေါက်ဈေးကလဲ ဒီနှစ်အဖို့ ငှက်ပျောစိုက်သူတွေအတွက် အဆင်ပြေတဲ့ဈေးဖြစ်ပါတယ်" ဟု သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇန်နဝါရီလအတွင်းတင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅,၀၀၀ ၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင်ငွေကျပ် ၉၅,၀၀၀၊ ရွှေငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဘားအံမြို့ဒေသထွက် ကိုင်းခရမ်းချဉ်သီးဈေးနှုန်းအခြေအနေ



၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ကရင်ပြည်နယ်ဒေသထွက် ကိုင်းခရမ်းချဉ်သီးဈေးနှုန်း အနည်းငယ်ကျနေကြောင်း သိရသည်။

ကိုင်းခရမ်းချဉ်သီးကို ဘားအံမြို့ သံလွင်မြစ်အနီးတဝိုက်ကျေးရွာများတွင်တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

ကိုင်းခရမ်းချဉ်သီးဈေးနှုန်းအနေဖြင့် ဇန်နဝါရီလတွင် ကိုင်းခရမ်းချဉ်သီးအလုံးကြီးတစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊ကိုင်းခရမ်းချဉ်သီးအလုံးသေးတစ်ပိဿာလျှင် ၄၀၀၀ကျပ်၊ ယခုဖေဖော်ဝါရီလတွင် ကိုင်းခရမ်းချဉ်သီးအလုံးကြီးတစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ ကိုင်းခရမ်းချဉ်သီး အလုံးသေးတစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလ နောက်ဆုံးအပတ်နှင့်ဖေဖော်ဝါရီလပထမအပတ် ဈေးနှုန်းနှိုင်းယှဉ်ခြင်းအားဖြင့် ကရင်ပြည်နယ်အတွင်း ကိုင်းခရမ်းချဉ်သီးဈေးနှုန်း အနည်းငယ်ကျနေသည်ကိုတွေ့ရသည်။

ယခုလိုဈေးအနည်းငယ်ကျရခြင်းမှာစိုက်ခင်းမှကိုင်းခရမ်းချဉ်သီးများလှိုင်လှိုင်ထွက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**Source : DOCA(ကရင်)**

https://www.doca.gov.mm/

## အမေရိကန်က USAID အဖွဲ့အတွက် ၉ နှစ်ကျော်အတွင်း ဒေါ်လာ ၃၃၀ ဘီလီယံကျော် အသုံးပြုခဲ့




အမေရိကန်ပြည်ထောင်စုသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (USAID) အဖွဲ့အတွက် ၉ နှစ်ကျော်အတွင်း ဒေါ်လာ ၃၃၀ ဘီလီယံကျော်အသုံးပြုခဲ့ကြောင်း မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၆ ရက်တွင် ဖော်ပြသည်။

အမေရိကန်အစိုးရသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အဆိုပါငွေကြေးများကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယင်းပမာဏသည် ၂၀၂၄ ခုနှစ်အတွက် နိုင်ငံတော် အသုံးစရိတ်၏ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်သမ္မတများအနက် ဒီမိုကရက်များသည် ရီပတ်ဘလစ်ကန်များနှင့်နှိုင်းယှဉ်ပါက USAID အဖွဲ့အား ငွေကြေးထောက်ပံ့မှုပိုမိုလုပ်ဆောင်ခဲ့ပြီး ယခင်သမ္မတဟောင်း ဘားရက်အိုဘားမား လက်ထက်၂၀၁၆ ခုနှစ်တွင် USAID အတွက် အသုံးစရိတ်အဖြစ် ဒေါ်လာ ၅၀ ဒသမ ၃ ဘီလီယံ၊ ဂျိုးဘိုင်ဒင်လက်ထက်တွင်မူတစ်နှစ်လျှင် ဒေါ်လာ ၃၇ ဒသမ ၄ ဘီလီယံမှ ၅၀ ဘီလီယံအထိ အသုံးပြုခဲ့သော်လည်း ဒေါ်နယ်ထရမ့်လက်ထက်တွင် ဒေါ်လာ ၂၅ဒသမ ၅ ဘီလီယံမှ ၂၆ ဒသမ ၇ ဘီလီယံ အထိသာ အသုံးပြုခဲ့ကြောင်း သိရသည်။

USAID အဖွဲ့သည် အမေရိကန်ပြည်သူများ၏ အခွန်ဘဏ္ဍာများကို အသုံးပြု၍ ဇီဝလက်နက်များ ထုတ်လုပ်ရန် သုတေသနလုပ်ဆောင်လျက်ရှိသည်ဟု ပြောဆိုမှုများထွက်ပေါ်လာပြီးနောက်ပိုင်း အငြင်းပွားဖွယ်အကြောင်းရင်းများကြောင့် USAID အဖွဲ့၏ လုပ်ဆောင်ချက်များကို ထရမ့်အစိုးရကဖေဖော်ဝါရီလ ၃ ရက်မှစ၍ရပ်ဆိုင်းခဲ့ပြီးဝါရှင်တန်မြို့ရှိ ရုံးချုပ်ကိုလည်းပိတ်ပစ်ခဲ့သည်။

ထို့ပြင် USAID အဖွဲ့က လုပ်ဆောင်နေသည့် အစီအစဉ်များကိုလည်း သမ္မတထရမ့်က ရက်ပေါင်း ၉၀ ကြာရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

Source : https://myawady.net.mm/

## ဗီယက်နမ်နိုင်ငံ၏ ခရီးသွားကဏ္ဍသည် အရှေ့တိုင်းနှစ်သစ်ကူးအားလပ်ရက် (Tet) အတွင်း သိသိသာသာတိုးတက်မှုရှိ

ဗီယက်နမ်နိုင်ငံ၏ ၉ ရက်တာအားလပ်ရက်အတွင်းဒေသအများအပြားတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၁ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃ သန်း) ရရှိခဲ့ကြောင်း VN Economy အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

၉ ရက်ကြာကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အရှေ့တိုင်းနှစ်သစ်ကူးအားလပ်ရက်(Tet) အတွင်း နိုင်ငံတစ်ဝန်းမှ ခရီးသွားဧည့်သည် ၁၂ ဒသမ ၅ သန်း ကို ကြိုဆိုခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၉ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ (VNAT) ၏ အဆိုအရ သိရသည်။

ဟိုချီမင်းမြို့သည် ခရီးသွားဧည့်သည်လည်ပတ်မှုအများဆုံးနေရာဖြစ်ပြီးခရီးသွားဧည့်သည် ၂ ဒသမ ၁ သန်းခန့်လာရောက်လည်ပတ်ခဲ့ကြောင်းနှင့် တစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

အဆိုပါကာလအတွင်း ဒေသအများအပြားသည်ခရီးသွားလုပ်ငန်းဝင်ငွေတိုးလာကြောင်းအစီရင်ခံခဲ့ပြီး ဟိုချီမင်းမြို့၊ ဟန္နိုင်းမြို့၊ ဒါနန်းမြို့၊ ခန်းဟွာမြို့၊ ကင်းဇမ်း ၊ ကွမ်နင်း၊ လာအိုကိုင်နှင့်နင်းဘင်အပါအဝင် ပြည်နယ်နှင့်မြို့ကြီး ၈ မြို့သည် ဝင်ငွေဗီယက်နမ်ဒေါင် ၁ ထရီလီယံ (အမေရိကန် ဒေါ်လာ ၃၉ ဒသမ ၃ သန်း) ကျော်လွန်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကွမ်နင်းပြည်နယ်သည် နိုင်ငံတကာခရီးသွားဧည့်သည် ၂၃၀,၀၀၀ အပါအဝင် ခရီးသွားဧည့်သည် ၉၇၀,၀၀၀ နီးပါးကြိုဆိုခဲ့ကြောင်းနှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဗီယက်နမ်ဒေါင် ၂ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၂ သန်း) နီးပါးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိဒါနန်းမြို့သည်နိုင်ငံခြားခရီးသွားဧည့်သည် ၂၂၈,၀၀၀အပါအဝင် ခရီးသွားဧည့်သည် စုစုပေါင်း ၄၆၉,၀၀၀ ကျော်ကို ကြိုဆိုခဲ့ကြောင်းနှင့် မြို့တော်၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ဗီယက်နမ်ဒေါင် ၁ ဒသမ ၈၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၄ သန်း) ကျော်ရှိကြောင်း ဖော်ပြထားသည်။

**Source: VN Economy**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟန္နိုင်းမြို့)**

https://myantrade.gov.mm/

## စားနပ်ရိက္ခာဖူလုံမှု အရေးပေါ်အခြေအနေ ရောက်ရှိကြောင်း ဖိလစ်ပိုင်အစိုးရ ကြေညာ

ဖိလစ်ပိုင်နိုင်ငံ၌ ဆန်တစ်ကီလိုဂရမ်လျှင် ပီဆိုငွေ ၅၀ မှ ၆၀ အထိ ဈေးနှုန်းမြင့်တက်နေသည့်အတွက် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံမှု အရေးပေါ်အခြေအနေတစ်ရပ်သို့ ရောက်ရှိနေသည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနမှ အတွင်းဝန် Francisco Tiu Laurel က လှည့်လည်စာအမှတ် (၃) (Circular No. 3) ဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ အရေးပေါ်အခြေအနေက အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ အနေဖြင့် အရန် သိုလှောင်ထားရှိမှုမှ ဆန်များကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးခွင့်ရရှိစေပြီးစားသုံးသူများထံသို့တစ်ကီလိုဂရမ်လျှင် ၃၈ ပီဆိုနှုန်းဖြင့်ရောင်းချပေးလျက်ရှိ သည်။

၂၀၂၄ ခုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် သမ္မတကလက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည့် လယ်ယာထွက်ကုန်ဆိုင်ရာ အကောက်ခွန်စည်းကြပ်ခြင်းဥပဒေ၌ ကုန်စည်ပြတ်လပ်မှု သို့မဟုတ် ဆန်ဈေးနှုန်းများ မြင့်တက်ခြင်းကဲ့သို့သော ထူးခြားဖြစ်စဉ်များ အပေါ် ဖြေရှင်းဆောင်ရွက်ရန် ဖော်ပြထားရှိခြင်းသည် ယခုကဲ့သို့ လုပ်ဆောင်မှု အား ကျောထောက်နောက်ခံပြုလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ လှည့်လည်စာ၌ သာမန်ကြိတ်ခွဲမှုအဆင့်နှင့် ကောင်းမွန်စွာကြိတ်ခွဲ ထားသည့်အဆင့်ရှိသော ဆန်များ၏ ဈေးနှုန်းများသည် ၂၀၂၃ ခုနှစ် ဇူလိုင်လကထက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၁၉-၂၀ ရာခိုင်နှုန်းခန့်အထိ ပိုမိုမြင့်မားလာသည်ဟု ဖော်ပြထားသည်။

အဆိုပါဌာနအနေဖြင့် ဆန်လက်လီရောင်းချသူများအကြားယှဉ်ပြိုင်မှုကို တွန်းအားပေးရန်နှင့် ဆန်ဈေးနှုန်းများ သိသာစွာ လျှော့ချ နိုင်ရန်အတွက် လစဉ် ဆန်တန်ချိန်၃၀,၀၀၀ နှုန်းဖြင့် အရန်သိုလှောင်ထားရှိမှုမှ ဆန်တန်ချိန် ၃၀၀,၀၀၀ ကို ဈေးကွက်သို့ ဖြန့်ဖြူးမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆန်ဖူလုံရေးအရေးပေါ်အခြေအနေကာလသည် ၁၀ လ ကြာ သတ်မှတ်သည်ဟု မှတ်ယူနိုင်သည်။

စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့သည်ဒေသခံတောင်သူလယ်သမားများထံမှရိတ်သိမ်းထွက်ရှိသောဆန်စပါးများကို အရန်ရိက္ခာအတွက် ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံမှု အရေးပေါ်အခြေအနေ၌ဦးစားပေးတစ်ရပ်အနေဖြင့်မနီလာမြို့တော်ရှိ ဈေးကွက်များတွင် ပြည်ပမှတင်သွင်းသည့်ဆန်များ၏ အမြင့်ဆုံးလက်လီဈေးနှုန်းသတ်မှတ်ချက်ကိုတဖြည်းဖြည်းလျှော့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ ၅ ရက် နေ့မှ စ၍ ပြည်ပဆန် တစ်ကီလိုဂရမ်လျှင် ၅၅ ပီဆိုနှုန်းဖြင့် ဈေးနှုန်းကန့်သတ်သွားမည်ဖြစ်ပြီး မတ်လတွင် ၄၉ ပီဆို အထိ ဈေးနှုန်းလျှော့ချသွားရန်ရည်မှန်းထားကြောင်း၊အမျိုးသားဈေးနှုန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် ဆန်ဈေးနှုန်းမြင့်တက်ခြင်း သို့မဟုတ် ဆန်ပြတ်လပ်မှုဖြစ်ပေါ်ခြင်း နှင့် စပ်လျဉ်း၍ သာမန်ထက်ထူးကဲသည့် အခြေအနေရှိ/မရှိဆန်းစစ်သည့်ပုံသေနည်းတွက်ချက်မှုကို လေးလတစ်ကြိမ်ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနက ဖော်ပြထားသည်။

**Source:ThePhilippineStar,February3,2025**

လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့

https://www.doca.gov.mm/

## STOCK EXCHANGE (10.2..2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,883 (Shares) | 34,842,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 1,181 | 8,975,600 | 33,109,694 | 251,634 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,900 | 6,478 | 19,080,100 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | -200 | -2.44% | 8,000 | 8,000 | 8,000 | 123 | 984,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 152 | 273,600 | 29,664,613 | 53,396 |
| TMH | 00005 | 3,000 | -200 | -6.25% | 3,000 | 3,000 | 3,000 | 10 | 30,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 906 | 1,459,350 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,900 | 4,000 | 3,900 | 1,011 | 3,969,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 22 | 70,800 | 23,804,946 | 77,36 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 10th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.87 | -2.86 | -0.77% | 367.51 | 367.87 | 366.76 | 9,883 | 34,842,450 | 8 | 693,867 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Feb, 2025

| Trading Volume | Trading Value |
|---|---|
| 10,890 (Shares) | 37,863,800 (MMK) |

## Main Board

As of 1:00 pm, 10th Feb, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,883 (Shares) | 34,842,450 (MMK) |

| MYANPIX | 367.87 ▼ 2.86 |
|---|---|
| Total Volume (shares) | 9,883 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,867 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▼ 200 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,000 | ▼ 200 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |

TIR